# ကူညီဆောင်ရွက်ပေးသောနည်းလမ်းဖြင့် မိမိဆန္ဒအလျောက် မြန်မာနိုင်ငံသို့ပြန်သွားရန် အတည်ပြုပြီး ဒုက္ခသည်များအတွက် ပေးသောအကူအညီများ

ထိုင်း၊ မြန်မာအစိုးရ နှစ်ဖက်စလုံးမှ သဘောတူထောက်ခံ၍ ကူညီဆောင်ရွက်ပေးသောနည်းလမ်းဖြင့် MOI-UNHCR မှ အတည်ပြုပြီး မိမိဆန္ဒအလျောက် မြန်မာနိုင်ငံသို့ပြန်ရန် ဆုံးဖြတ်ထားသော ဒုက္ခသည်များအား (တစ်ဦးချင်းအနေနှင့်သော်လည်းကောင်း၊ မိသားစုအလိုက်သော်လည်းကောင်း) အကူအညီများ ပေးသွားမည်။

ပေးမည့်အကူအညီများမှာ အောက်ပါအပိုင်းများ ပါဝင်သည်။

၁



## သယ်ယူပို့ဆောင်ရေး

စခန်းမှ နယ်စပ်အထိ ပို့ဆောင်ရေးကို UNHCR ထိုင်းနိုင်ငံက (IOM မှတဆင့်) ဆောင်ရွက်ပေးသွားမည်။

၂



## ငွေကြေးအကူအညီ ( IOM မှတဆင့် ထွက်ခွာမည့်နေ့တွင် ပေးသွားမည်)

- လမ်းခရီးအတွက် ငွေကြေးအကူအညီ (နယ်စပ်ဖြတ်ကျော်သည့်နေရာမှ မြန်မာနိုင်ငံ နောက်ဆုံး ခရီးဆုံးနေရာအထိ ခရီးစရိတ်) - လူတစ်ဦးလျှင် ထိုင်းဘတ်ငွေ ၁၈၀၀
- ဘဝပြန်လည်ထူထောင်ရေးအတွက် ငွေကြေးအကူအညီ - လူကြီးတစ်ဦးလျှင် ထိုင်းဘတ်ငွေ ၅၄၀၀ နှင့် ကလေးတစ်ဦးလျှင် ထိုင်းဘတ်ငွေ ၃၆၀၀
- စားနပ်ရိက္ခာပံ့ပိုးမှုတွက် ငွေကြေးအကူအညီ (ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ ထောက်ပံ့ပေးမည့် အစားအစာ ၆ လစာနှင့် ညီမျှသော ငွေကြေး )- တစ်ဦးလျှင် ထိုင်းဘတ်ငွေ ၂၁၀၀
- စုစုပေါင်း - လူကြီးတစ်ဦးလျှင် ထိုင်းဘတ်ငွေ(၉၃၀၀) နှင့် ကလေးတစ်ဦးလျှင် ထိုင်းဘတ်ငွေ(၇၅၀၀)

၃



## UNHCR မှပေးသော ပစ္စည်းအကူအညီ (IOM မှတဆင့် မထွက်ခွာမီ ပေးသွားမည်။)

- ခြင်ထောင် (လူနှစ်ယောက် တစ်လုံး)
- အမျိုးသမီးရာသီသုံးပစ္စည်းထုပ် (အမျိုးသမီးတစ်ယောက်လျှင် တစ်ထုပ်)
- ခရီးဆောင်အိတ် ( အိမ်ထောင်စုတစ်စုလျှင် တစ်လုံး)
- စာရွက်စာတမ်းထည့်သည့်ဖိုင် ( လူကြီးတစ်ဦးလျှင် တစ်ခု )

Regional funding and funding for Thailand was also received through private donations from Italy, Japan, the Republic of Korea, Spain, Sweden, Thailand, and the United States of America.

အချက်အလက်များ ပိုမိုသိရှိလိုပါက-VRC စင်တာတွင်ဖြစ်စေ ၊ UNHCR ရုံးတွင်ဖြစ်စေ ရှိသည့် မည်သည့် UNHCR ဝန်ထမ်းကိုမဆို လာရောက်ဆက်သွယ်နိုင်ပြီး UNHCR Information Management Unit - Thailand: imumaesot@unhcr.org သို့မဟုတ် www.commonservice.info ထံသို့လည်း ဆက်သွယ်နိုင်ပါသည်။